# မစ္ဆားပူဇော်ခြင်းဝိနည်း

## ၁။ ပဌာမ ဝတ်ပြုခြင်း

ရဟန်း ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်မြတ်၌၊

ပရိသတ် အာမင်။

ရဟန်း ဘုရားသခင်သည် သင်တို့နှင့် ရှိပါစေ။

ပရိသတ် ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟန်း ညီအစ်ကို မောင်နှမအပေါင်းတို့ မွန်မြတ်သော မစ္ဆားပူဇော်ခြင်း၌ ထိုက်တန်စွာ ပါဝင်ကျင်းနိုင်ကြရန် ကျွန်ုပ်တို့၏ အပြစ်များကို စစ်ဆေး၍ ဝန်ခံကြစို့။

အားလုံး ကျွန်ုပ်သည် စိတ်၊ နှုတ်၊ အကျင့်တို့ဖြင့် လည်းကောင်း၊ ဝတ္တရားပျက်ကွက်ခြင်းတို့ဖြင့် လည်းကောင်း၊ လွန်စွာ အပြစ်ပြုမိကြောင်းကို၊ အနန္တတန်ခိုးတော်ရှင် ဘုရားသခင်နှင့် အသင်ညီအစ်ကို မောင်နှမ အပေါင်းတို့အား ကျွန်ုပ်ဝန်ခံပါသည်။ *(ရင်ကိုခတ်လျက်)* *ကျွန်ုပ်အပြစ်၊ ကျွန်ုပ်အပြစ်၊ ကျွန်ုပ်အပြစ် ကြီးလှပါသည်။* သို့ဖြစ်၍ မွန်မြတ်သော အစဉ်ကညာမာရီယာ၊ သိကြားရဟန္တာအပေါင်းတို့နှင့် အသင်ညီအစ်ကို မောင်နှမအပေါင်းတို့အား ကျွန်ုပ်အဖို့ ဘုရားရှင်ထံ ဆုတောင်းပေးကြပါမည့် အကြောင်း ကျွန်ုပ် တောင်းပန်ပါသည်။

ရဟန်း အနန္တတန်ခိုးတော်ရှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို သနားတော်မူသဖြင့် အပြစ်များကို ခွင့်လွှတ်တော်မူ၍ ထာဝရအသက်ချမ်းသာသို့ ခေါ်ဆောင်တော်မူပါစေ။

ပရိသတ် အာမင်။

ရဟန်း ဘုရားသခင် သနားတော်မူပါ။

ပရိသတ် ဘုရားသခင် သနားတော်မူပါ။

ရဟန်း ခရစ်တော်သခင် သနားတော်မူပါ။

ပရိသတ် ခရစ်တော်သခင် သနားတော်မူပါ။

ရပဟန်း ဘုရားသခင် သနားတော်မူပါ။

ပရိသတ် ဘုရားသခင် သနားတော်မူပါ။

ရပဟန်း အမြင့်ဆုံးသောအရပ်၌ ဘုရားသခင်၏ ဘုန်းတော်ဂုဏ်တော်သည်
ကြီးမြတ်တော်မူစေသတည်း။

အားလုံး မြေကြီးပေါ်၌လည်း စိတ်ကောင်းနှလုံးကောင်း ရှိသူတို့အား ငြိမ်ချမ်းခြင်း
ရှိစေသတည်း။ အိုအရှင်ထာဝရဘုရား၊ ကောင်းကင်ဘုံဘုရင်၊ အနန္တတန်ခိုးတော်ရှင်
အဖခမည်းတော်ဘုရား၊ ကိုယ်တော်ရှင်ကို ချီးမွမ်း ထောမနာ ပြုကြပါသည်။
သြဘာမင်္ဂလာပေးကြပါသည်။ ရှိခိုးကိုး ကွယ်ကြပါသည်။ ဘုန်းတော်ဂုဏ်တော်ကို
ချီးမွမ်းကြပါသည်။ ကိုယ်တော်ရှင်၏ ကြီးမြတ်သော ဘုန်းတော်ဂုဏ်တော်ကို
ထောက်၍ ကိုယ်တော်ရှင်အား ကျေးဇူးတင်ကြပါသည်။

အိုယေဇူးခရစ်တော်သခင်၊ ခမည်းတော်ဘုရား၏ တစ်ပါးတည်းသော သားတော်ဘုရား၊
လောကအပြစ်ကို ချွတ်တော်မူပေသော ဘုရား၏သိုးငယ်တော်၊ တပည့်တော်တို့ကို
သနားတော်မူပါ။ လောကအပြစ်ကို ချွတ်တော်မူပေသောအရှင်၊ တပည့်တော်တို့
တောင်းလျှောက်ရာကို နာယူတော်မူပါ။ ခမည်းတော်ဘုရား၏ လက်ယာတော်ဘက်မှာ
စံပယ်တော်မူသောသခင်၊ တပည့်တော်တို့ကို သနားတော်မူပါ။

အကြောင်းမူကား ကိုယ်တော်ရှင်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူပါ၏။
ကိုယ်တော်ရှင် တစ်ပါးတည်းသာလျှင် အရှင်သခင် ဖြစ်တော်မူပါ၏။ ကိုယ်တော်ရှင်
တစ်ပါးတည်းသာလျှင် အမြင့်မြတ်ဆုံး ဖြစ်တော်မူပါ၏။ အိုယေဇူးခရစ်တော်သခင်၊
ကိုယ်တော်ရှင်သည် သန့်ရှင်းသောဝိညာဉ်တော်ဘုရားနှင့်တကွ ခမည်းတော်ဘုရား၏
ဘုန်းတော်ဂုဏ်တော်ဝယ် စံပယ်တော်မူပါ၏။ အာမင်။

ရပဟန်း ဆုတောင်းကြစို့။

ပရိသတ် အာမင်။

## ၂။ ဘုရားသခင်၏ နှုတ်ကပါဌ်တော်အား ဝတ်ပြုခြင်း

**(က) ပထမကျမ်းစာ ဖတ်ရှုခြင်း**

ကျမ်းစာဖတ်သူ ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။

အားလုံး ဘုရားသခင်အား ကျေးဇူးတင်ပါသည်။

**(ခ) ဆာလံသီချင်း ကျေးဇူးခြင်း**

**(ဂ) ဒုတိယကျမ်းစာ ဖတ်ရှုခြင်း**

ကျမ်းစာဖတ်သူ ဘုရားသခင်၏ နှုတ်ကပါဌ်တော်ပေတည်း။

အားလုံး ဘုရားသခင်အား ကျေးဇူးတင်ပါသည်။

**(ဃ) အာလေလုယာသီချင်း။**

**(င) ဧဝံဂေလိကျမ်းစာ ဖတ်ရှုခြင်း။**

ရဟန်း (ဦးပဉ္စင်း) ဘုရားသခင်သည် သင်တို့နှင့် ရှိပါစေ။

ပရိသတ် ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟန်း (ဦးပဉ္စင်း) (န) ရေးထားသော သန့်ရှင်းသော ဧဝံဂေလိကျမ်းတည်း။

ပရိသတ် အို ဘုရားသခင် ကိုယ်တော်ရှင်အား ဘုန်းတော် ဂုဏ်တော် ရှိပါစေ။

ရဟန်း (ဦးပဉ္စင်း) ဘုရားသခင်၏ ဧဝံဂေလိ နှုတ်ကပါဌ်တော်ပေတည်း။

အားလုံး အို ခရစ်တော်သခင် ကိုယ်တော်ရှင်အား ချီးမွမ်းထောမနာ ရှိပါစေ။

**(စ) ဩဝါဒပေးခြင်း**

**(ဆ) ယုံကြည်ခြင်းကို ဝန်ခံခြင်း**

ရဟန်း ယုံကြည်ခြင်းကို ဝန်ခံကြစို့။

အားလုံး　တစ်ဆူတည်းသော ထာဝရဘုရားရှင်ဖြစ်တော်မူ၍ ကမ္ဘာမိုးမြေနှင့် မြင်နိုင်ရာ မမြင်နိုင်ရာတို့ကို ဖန်ဆင်းတော်မူသော အနန္တတန်ခိုးတော်ရှင် အဖ ခမည်းတော် ဘုရားရှင်အား ကျွန်ုပ်ယုံကြည်ပါ၏။

ခမည်းတော်ဘုရားမှ ထာဝရက ဖွားမြင်တော်မူသော၊ တစ်ပါးတည်းသော သားတော်၊ တစ်ပါးတည်းသော သခင်၊ ယေဇူးခရစ်တော်ဘုရားရှင်အား ကျွန်ုပ်ယုံကြည်ပါ၏။ ဤအရှင်သည် စစ်မှန်သော ဘုရားမှဘုရား၊ အလင်းမှအလင်း၊ ဘုရားစစ်မှဘုရားစစ် ဖြစ်တော်မူ၏။ ဖန်ဆင်းခြင်းမခံ ဖွားမြင်ခြင်းကို ခံတော်မူသဖြင့် ခမည်းတော်နှင့် ဘုရားဇာတိတော်၌ တစ်လုံးတစ်ဝတည်း ဖြစ်တော်မူ၏။ သားတော်ဘုရားအားဖြင့် အရာခပ်သိမ်းတို့သည် ဖန်ဆင်းခြင်းခံကြရကုန်၏။ ဤသားတော်ဘုရားသည် ကျွန်ုပ်တို့လူသားများကို ကယ်တင်အံ့သောငှာ ကောင်းကင်ဘုံမှ ဆင်းကြွလာတော်မူ၏။ *(ဦးညွှတ်ရန်) သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ တန်ခိုးတော်အားဖြင့် ကညာစင် မာရီယာမှ လူအဖြစ်ကို ယူတော်မူ၍ လူသားစင်စစ်ပင် ဖြစ်တော်မူ၏။* ပုံစီဦး ပီလာတူး မင်း လက်ထက် ကျွန်ုပ်တို့အဖို့ လက်ဝါးကပ်တိုင် တင်ခံရ၍ အသက်တော် စွန့်တော်မူသည့်တိုင်အောင် ဒုက္ခဝေဒနာခံတော်မူ၍ သင်္ဂြိုဟ်ခြင်းကို ခံတော်မူ၏။ ရှေးကျမ်းလာသည့်အတိုင်း တတိယနေ့တွင် သေသူတို့အစုမှ ရှင်ပြန်ထမြောက် တော်မူ၏။ ကောင်းကင်ဘုံသို့ တက်ကြွတော်မူ၍ ခမည်းတော်ဘုရား၏ လက်ယာတော်ဘက်မှာ စံပယ်တော်မူ၏။ ထိုမှ ဘုန်းတန်ခိုးတော်နှင့် တစ်ဖန်ကြွလာတော်မူ၍ ရှင်သူသေသူတို့ကို စီရင်တော်မူလိမ့်မည်။ ကိုယ်တော်ရှင်၏ နိုင်ငံတော်သည် အဆုံးမဲ့ထာဝရ အစဉ်တည်နေမည်။

အသက်ပေးတော်မူသောအရှင် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားအားလည်း ကျွန်ုပ်ယုံကြည်ပါ၏။ ဤဝိညာဉ်တော်ဘုရားသည် ခမည်းတော်ဘုရားနှင့် သားတော်ဘုရားမှ ပေါ်ထွက်လာတော်မူ၍ ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် အတူတကွ ချီးမွမ်းကိုးကွယ်ခြင်းကို ခံတော်မူ၏။ ပရောဖက်များအားဖြင့် ဗျာဒိတ်ပေးတော်မူသော အရှင်လည်း ဖြစ်တော်မူ၏။

တမန်တော်ကြီးတို့မှ ဆင်းသက်လာသော တစ်ပါးတည်းသော သန့်ရှင်းသော ကက်သလစ်သာသနာတော်ကိုလည်း ကျွန်ုပ်ယုံကြည်ပါ၏။ အပြစ်တို့ကို ချွတ်သော ဆေးကြောခြင်းမင်္ဂလာ တစ်ပါးတည်း ရှိသည်ကို ကျွန်ုပ်ဝန်ခံပါ၏။ သေသူတို့၏ ရှင်ပြန်ထမြောက်ခြင်းနှင့် နောင်ဘဝတွင် ထာဝရအသက်ရှင်ခြင်းကိုလည်း ကျွန်ုပ်စောင့်မျှော်နေပါ၏။ အာမင်။

## (၉) အထွေထွေ ဆုတောင်းခန်း

ရဟန်း ချစ်လှစွာသော ညီအစ်ကိုမောင်နှမအပေါင်းတို့ တောင်းလျှင်ရလိမ့်မည်။ ရှာလျှင်တွေ့လိမ့်မည်။ ခေါက်လျှင် ပွင့်လိမ့်မည်ဟု ယေဇူးသခင် မိန့်တော်မူသည်ဖြစ်၍ ကက်သလစ်သာသနာတော်၌ လိုအပ်သောသမျှ ကျေးဇူးအဖြာဖြာတို့ကို ယေးဇူးခရစ်တော်ဘုရားရှင်အားဖြင့် အဖခမည်းတော်ဘုရားထံ တစ်ညီတစ်ညွတ်တည်း တောင်းလျှောက်ကြပါစို့။

သံပြိုင် တပည့်တော်တို့ တောင်းလျှောက်ရာကို နားညောင်းတော်မူပါ။

ရဟန်း တပည့်တော်တို့၏ ခွန်အားကျေးဇူးနှင့် မှီခိုရာဖြစ်တော်မူသော အိုအဖဘုရားသခင်၊ ယေဇူးကိုယ်တော်ရှင်အားဖြင့် ချစ်သား သမီးများ တောင်းလျှောက်ရာကို နာယူတော်မူပါ ဘုရား။

အားလုံး အာမင်။

## ၃။ ကိုယ်တော်မြတ်မင်္ဂလာတော် ဝတ်ပြုခြင်း

**(က) မုန့်တော် ပူဇော်ခြင်း**

ရဟန်း

ပရိတ်သတ် ဘုရားသခင်အား ကာလအဆက်ဆက် မင်္ဂလာရှိတော်မူပါစေ။

**(ခ) စပျစ်ရည် ပူဇော်ခြင်း**

ရဟန်း

ပရိတ်သတ် ဘုရားသခင်အား ကာလအဆက်ဆက် မင်္ဂလာရှိတော်မူပါစေ။

**(ဂ) လက်ဆေးခြင်း**

ရဟန်း ညီအစ်ကို မောင်နှမအပေါင်းတို့ ...

ပရိတ်သတ် ဘုရားသခင်၏ ဘုန်းတော်ဂုဏ်တော်ကို ချီးမွမ်းထောမနာပြုခြင်းငှာ လည်းကောင်း၊ တပည့်တော်တို့နှင့် သန့်ရှင်းသော သာသနာတော်တစ်ခုလုံး အကျိုးခံစားရခြင်းငှာ လည်းကောင်း ကိုယ်တော်၏ လက်ဖြင့် ဆက်ကပ်သော ပူဇော်သက္ကာရကို အဖဘုရားသခင် လက်ခံတော်မူပါစေ။

**(ဃ) ပူဇော်သက္ကာရအပေါ် ဆုတောင်းပတ္ထနာ**

ပရိတ်သတ် အာမင်။

# ၄။ ကိုယ်တော်မြတ် ပတ္တနာတော်များ

ရဟန်း ဘုရားသခင်သည် သင်တို့နှင့် ရှိပါစေ။

ပရိသတ် ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟန်း ဘုရားသခင်အား အာရုံပြုကြလော့။

ပရိသတ် အာရုံပြုလျက် ရှိကြပါသည်။

ရဟန်း ကျွန်ုပ်တို့အရှင် ဘုရားသခင်အား ကျေးဇူးတင်ကြစို့။

ပရိသတ် ကျေးဇူးတင်ထိုက် တင်အပ်လှပေသည်။

ရဟန်း အိုအရှင်မြတ် ...

အားလုံး သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ ကောင်းကင်ဗိုလ်ခြေတို့၏ အရှင်
ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ ကောင်းကင်နှင့် မြေကြီးသည် ကိုယ်တော်ရှင်၏
ဘုန်းတော်ဂုဏ်တော်နှင့် ပြည့်နှက်လျက်ရှိ၏။ အမြင့်ဆုံးသောအရပ်၌ ဩဇန်နာ
ဖြစ်စေသတည်း။ ဘုရားရှင်၏ နာမတော်မြတ်၌ ကြွလာတော်မူသော
ကိုယ်တော်ရှင်သည် မင်္ဂလာရှိတော်မူ၏။ အမြင့်ဆုံးသော အရပ်၌ ဩဇန်နာ
ဖြစ်စေသတည်း။

ဦးဆောင်ရဟန်း နက်နဲလှသော ယုံကြည်ရာ အချက်ပေတည်း။

အားလုံး အိုသခင်၊ ကိုယ်တော်ရှင် တစ်ဖန်ကြွလာတော်မူသည့် တိုင်အောင်
ကိုယ်တော်ရှင်၏ အသေခံတော်မူခြင်းကို တပည့်တော်တို့ ကြွေးကြော်ကြ၍
ကိုယ်တော်ရှင်၏ ရှင်ပြန်ထမြောက်တော်မူခြင်းကိုလည်း တပည့်တော်တို့
ဝန်ခံကြပါသည်။

ရဟန်းအားလုံး ခရစ်တော်သခင်အားဖြင့်၊ ခရစ်တော်သခင်နှင့်အတူ ....

ပရိသတ် အာမင်။

# ၅။ ကိုယ်တော်မြတ် ပင့်ယူခြင်း

## (က) ကိုယ်တော်မြတ် ပင့်ရန် ပြင်ဆင်ခြင်း

ရဟန်း	သခင်ယေရှုး၏ အမိန့်တော်ကို နာခံ၍ ...

အားလုံး	ကောင်းကင်ဘုံ၌ ကိန်းဝပ်တော်မူသော တပည့်တော်တို့အဖ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော်။ ကိုယ်တော်၏ နိုင်ငံတော်သည် ရောက်ပါစေသော်။ ကောင်းကင်ဘုံ၌ ဖြစ်သကဲ့သို့ မြေကြီးပေါ်၌လည်း ကိုယ်တော်၏ အလိုတော်သည် ပြည့်စုံပါစေသော်။

နေ့စဉ်မပြတ် အလိုရှိအပ်သော အရာအစားတို့ကို တပည့်တော်တို့အား ယနေ့၌ပင် ပေးသနားတော်မူပါ။ တပည့်တော်တို့ကို ထိခိုက်ကျူးလွန်သော သူတို့အား တပည့်တော်တို့ ခွင့်လွှတ်သကဲ့သို့ တပည့်တော်တို့၏ အပြစ်များကိုလည်း ခွင့်လွှတ်တော်မူပါ။ နှောင့်ယှက်ခြင်း အမှုတို့၌ တပည့်တော်တို့ကို ပါဝင်ခြင်း မရှိစေဘဲလျက် မကောင်းဟူသမျှနှင့် ကင်းလွတ်စေတော်မူပါ။

ရဟန်း	အိုဘုရားသခင် ...

ပရိသတ်	အကြောင်းမူကား ရွှေနိုင်ငံတော်၊ တန်ခိုးအာနုဘော်တော်နှင့်၊ ဘုန်းတော်ဂုဏ်တော်ကို ကိုယ်တော်ရှင် တစ်ပါးတည်းသာလျှင် ကာလအဆက်ဆက် စိုးပိုင်တော်မူပါသည် ဘုရား။

ရဟန်း	သင်တို့အဖို့ ...

အားလုံး	အာမင်။

ရဟန်း	ဘုရားသခင်၏ ငြိမ်းချမ်းခြင်းသည် သင်တို့နှင့် အစဉ် ရှိပါစေ။

ပရိသတ်	ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟန်း (ဦးပဥ္စင်း)	အချင်းချင်း ငြိမ်းချမ်းခြင်း အမှတ်လက္ခဏာကို ကမ်းလှမ်းကြပါစို့။

အားလုံး    လောကအပြစ်ကို ချွတ်တော်မူသော ထာဝရဘုရား၏ သိုးငယ်တော်၊ တပည့်တော်တို့ကို သနားတော်မူပါ။

လောကအပြစ်ကို ချွတ်တော်မူသော ထာဝရဘုရား၏ သိုးငယ်တော်၊ တပည့်တော်တို့ကို သနားတော်မူပါ။

လောကအပြစ်ကို ချွတ်တော်မူသော ထာဝရဘုရား၏ သိုးငယ်တော်၊ တပည့်တော်တို့အား ငြိမ်းချမ်းခြင်းကို ပေးတော်မူပါ။

**(ခ) ကိုယ်တော်မြတ် ပင့်ယူရန် ဖိတ်ခေါ်ခြင်း**

ရဟန်း    ထာဝရဘုရား၏ သိုးငယ်တော်ကို ဖူးမြော်ကြလော့။ လောကအပြစ်ကို ချွတ်တော်မူသော ဘုရားရှင်ကို ဖူးမြော်ကြလော့။ သိုးငယ်တော်၏ ညစာ စားပွဲတော်သို့ ဖိတ်ခေါ်ခြင်း ခံရသူတို့သည် မင်္ဂလာရှိကြ၏။

အားလုံး    အို သခင်ဘုရား၊ တပည့်တော်၏ အိမ်မိုးအောက်သို့ ကိုယ်တော်ရှင် ကြွဝင်တော်မူခြင်းကို တပည့်တော် မထိုက်တန်ပါ။ သို့ရာတွင် တစ်ခွန်းမျှသာ အမိန့်ရှိတော်မူပါလျှင် တပည့်တော်၏ ဝိညာဉ်သည် သန့်ရှင်းစင်ကြယ်ပါလိမ့်မည်။

**(ဂ) ကိုယ်တော်မြတ် ပင့်ယူခြင်း**

ရဟန်း    ခရစ်တော်၏ ခန္ဓာတော်။

ပင့်ယူသူ    အာမင်။

**(ဃ) ကိုယ်တော်မြတ်ပင့်ပြီး ဆုတောင်းပတ္ထနာ**

ရဟန်း    ဆုတောင်းကြစို့။

အားလုံး    အာမင်။

# ၆။ နိဂုံးချုပ် ဝိနည်း

## ကြေညာခြင်း

**ပရိတ်သတ်အား ကောင်းချီးမင်္ဂလာပေးခြင်း။**

ရဟန်း ဘုရားသခင်သည် သင်တို့နှင့် ရှိပါစေ။

ပရိသတ် ကိုယ်တော်၏ ဝိညာဉ်နှင့်လည်း ရှိပါစေ။

ရဟန်း အနန္တတန်ခိုးတော်ရှင် ထာဝရဘုရားသခင် ဖြစ်တော်မူထသော ✠ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့အား ကောင်းချီး မင်္ဂလာ ပေးတော်မူပါစေသော်။

ပရိသတ် အာမင်။

ရဟန်း မစ္ဆားပူဇော်ခြင်းပြီးပါပြီ။ (ငြိမ်းချမ်းခြင်း၌) သွားကြလော့။

ပရိသတ် ဘုရားသခင်အား ကျေးဇူးတင်ပါသည်။